


# မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း
# အခြေအနေ ဆန်းစစ်ချက် အနှစ်ချုပ် ဖော်ပြချက်

၂၀၁၆ ခုနှစ် စက်တင်ဘာလ

Myanmar Information Management Unit
Peace Support Fund

# အနှစ်ချုပ် ဖော်ပြချက်

## အစီရင်ခံစာနှင့် စပ်လျဉ်း၍

မြန်မာနိုင်ငံအရှေ့တောင်ပိုင်း အခြေအနေဆန်းစစ်ချက် စာစောင်ကို ငြိမ်းချမ်းရေး၊ လူသားချင်းစာနာရေးနှင့် ဖွံ့ဖြိုးရေး ကဏ္ဍများတွင် လုပ်ငန်းအစီအစဉ် ဆောင်ရွက်ရာ၌လည်းကောင်း၊ မဟာဗျူဟာနှင့် မူဝါဒများ ရေးဆွဲဖော်ဆောင်ရာ၌လည်းကောင်း၊ ပံ့ပိုးမှုပေးနိုင်မည့် အရင်းအမြစ်တစ်ရပ်အဖြစ် Myanmar Information Management Unit (MIMU) နှင့် Peace Support Fund (PSF) တို့က ပြုစုထားခြင်း ဖြစ်ပါသည်။ ဤစာအုပ်တွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဟု ဆိုရာ၌ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) တို့ ပါဝင်ပါသည်။ မကြာသေးမီက ထုတ်ဝေသော စာအုပ်စာတမ်းများကို ပြန်လည်သုံးသပ်ခြင်း၊ အဓိက မေးခွန်းများ ဖြေကြားသူ ၃၆ဦးအား တွေ့ဆုံ မေးမြန်းခြင်းတို့ဖြင့် သတင်းအချက်အလက်များ စုဆောင်းထားပါသည်။ နောင်ဖြစ်လာနိုင်သည့် အလားအလာများ၊ လစ်ဟာချက်များနှင့် အသစ်ထွက်ပေါ်လာသော နယ်ပယ်များကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်ပါသည်။ အဓိက တွေ့ရှိချက်များကို ပြန်လည်သုံးသပ်ရန် ၂၀၁၆ခုနှစ် မတ်လတွင် ပြုလုပ်သော စိစစ်အတည်ပြုရေး အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်သူ နောက်ထပ် ၃၂ဦး ရှိပါသည်။

ဤအစီရင်ခံစာပါ ဆန်းစစ်ချက်များမှာ အလုံးစုံ ပါဝင်နိုင်ခြင်း မရှိပါ။ လိုအပ်ချက်ကိုအကဲဖြတ်ချက် သို့မဟုတ် လစ်ဟာချက်ကို အကဲဖြတ်ခြင်း အနေဖြင့် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း မဟုတ်ပါ။ အဓိက အလားအလာများကို ဖော်ထုတ်နိုင်ရန်နှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းနှင့် စပ်လျဉ်း၍ အသိပညာ အချက်အလက်များ စုဆောင်းမှတ်တမ်းတင်နိုင်ရန် ပထမခြေလှမ်းအဖြစ် ရည်ရွယ်ပါသည်။ အဓိက ဆွေးနွေးဖြေကြားပေးသူများထံမှ ရရှိသော အချက်အလက်များကို ထည့်သွင်းဆန်းစစ်ထားသော်လည်း ရန်ကုန်မြို့ပြင်ပတွင် တိုင်ပင်ဆွေးနွေးခြင်းများ (သို့မဟုတ်) နိုင်ငံတော်အစိုးရပိုင်း (သို့မဟုတ်) တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အပါအဝင် အစိုးရမဟုတ်သော ပါဝင်ဆောင်ရွက်နေသူများကို ဆွေးနွေးမေးမြန်းချက်များ မပါဝင်ပါ။

## ဆက်စပ်အခြေအနေ

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း တွင်ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့် နယ်နိမိတ် ထိစပ်နေသော တိုင်းဒေသကြီး/ပြည်နယ်များ ပါဝင်သည်။ မြန်မာနိုင်ငံ ဧရိယာအကျယ်အဝန်း ၃၀% ထက် အနည်းငယ် ကျော်လွန်ပါသည်။ တစ်နိုင်ငံလုံး လူဦးရေ ၅၁.၄သန်း (၂၀၁၄ခုနှစ်) အနက် ၂၀%နီးပါး နေထိုင်ကြပါသည်။ ပထဝီနယ်မြေ မတူကွဲပြားမှုများပြားပြီး တောင်ပေါ်ဒေသများ၊ ကုန်းမြေမြင့်များ၊ မြစ်ဝှမ်းများ၊ ထွန်ယက်စိုက်ပျိုးနိုင်သော မြေပြန့်ဒေသများ၊ အဓိကအားဖြင့် မြောက်မှတောင်သို့ စီးဆင်းသည့် ရှည်လျားသော မြစ်များနှင့် ကျွန်းများစွာ ရှိသည့် ရှည်လျားသော ကမ်းရိုးတန်းဒေသတို့ ပါဝင်ပါသည်။

ဤဒေသတစ်ဝန်း တူညီသော အချက်များတွင် မတူကွဲပြားသော တိုင်းရင်းသားများရှိခြင်း၊ နယ်မြေခံခေါင်းဆောင်များနှင့် နိုင်ငံတော် အစိုးရအကြား တင်းမာမှု သမိုင်းကြောင်း ရှိခြင်းတို့ ပါဝင်ပါသည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ဒေသအချို့တွင် ဗဟိုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို အပြည့်အဝ လက်ခံခြင်းမရှိပါ။ ဆယ်စုနှစ်များစွာ ပဋိပက္ခ ဖြစ်ပွားခဲ့ပြီးနောက် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများသည် အချို့နယ်မြေဒေသများကို ဆက်လက် ထိန်းချုပ်ထားဆဲဖြစ်ပြီး အခြားသော နယ်မြေဒေသများတွင် ဩဇာသက်ရောက်မှု အများအပြား ရှိနေဆဲဖြစ်ပါသည်။ ဤဒေသတစ်ဝန်း တူညီသော အခြားကိစ္စရပ်များမှာ

ရွှေ့ပြောင်းသွားလာမှု၊ ကုန်သွယ်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ပဋိပက္ခ နှင့် အဓမ္မ နေရပ်စွန့်ခွာစေခြင်းများ ဖြစ်ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ဒေသမှာ တစ်ပြေးညီလည်း မဟုတ်၊ လူမျိုးတူညီခြင်းလည်း မရှိဘဲ လျင်မြန်စွာ ပြောင်းလဲနေသော ဒေသဖြစ်ပါသည်။ ပထဝီနယ်မြေ၊ တိုင်းရင်းသားလူမျိုးများ၊ ဖွံ့ဖြိုးရေး အခြေအနေ၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းအားဖြင့် ကွာခြားမှု များပြားပါသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင်အကူးအပြောင်း သုံးမျိုး ဖြစ်ပွားလျက် ရှိပါသည်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် စစ်ဖက် အုပ်ချုပ်မှုမှ အရပ်ဖက်အုပ်ချုပ်မှုသို့ တစ်စိတ်တစ်ဒေသ ကူးပြောင်းခြင်း၊ ဗဟိုချုပ်ကိုင်သော စီးပွားရေးမှ ဈေးကွက် အခြေပြု စီးပွားရေးသို့ ပြောင်းလဲသည့် စီးပွားရေး ပြုပြင်ပြောင်းလဲရေးနှင့် နှစ်ပေါင်း ၆၀ ကျော် ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခကို ဖြေရှင်းရန်ကြိုးပမ်းနေသော အမျိုးသား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တို့ ဖြစ်သည်။ ယင်း နိုင်ငံတော် အပြောင်းအလဲများသည် နိုင်ငံ၏ အစိတ်အပိုင်းအားလုံးအပေါ် သက်ရောက်မှု ရှိသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး အသွင်ကူးပြောင်းမှုမှာ ၂၀၁၅ခုနှစ် နိုဝင်ဘာလတွင် တိုးတက်ပြောင်းလဲခဲ့ပါသည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် ရှမ်းပြည်နယ်မှတပါး မြန်မာနိုင်ငံ အရှေ့တောင်ဖက် တိုင်းဒေသကြီး/ ပြည်နယ် အားလုံးတွင် မဲအများစုဖြင့် ရွေးကောက်ပွဲ အောင်မြင်မှု ရရှိခဲ့ပါသည်။ အကြမ်းဖက် ပဋိပက္ခများ သိသာစွာ လျော့နည်း ကျဆင်းပြီး နယ်မြေဒေသအများအပြားတွင် တည်ငြိမ်မှု တိုးတက်ရရှိလာပါသည်။ ယခင်က ကန့်သတ် နယ်မြေအဖြစ် သတ်မှတ်ထားခဲ့သော နယ်မြေဒေသများသို့လည်း ပိုမို၍ သွားရောက်နိုင်လာပါသည်။ ၂၀၁၂ ခုနှစ် တွင် နှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆွေးနွေးပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် (NCA) လုပ်ငန်းစဉ် စတင်ချိန်မှ အစပြုလျက် ပိုမိုပြည့်စုံပြီး ရေရှည်တည်တံ့နိုင်သော ငြိမ်းချမ်းရေး ရရှိရန် အခွင့်အလမ်းများလည်း ပေါ်ပေါက်လာသည်။

## အဓိကပါဝင်ဆောင်ရွက်နေသူများ

မြန်မာနိုင်ငံအရှေ့တောင်ပိုင်း မြို့နယ် (၈၄)မြို့နယ်လုံးတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။ ကရင်ပြည်နယ်တွင် ၇၃ဖွဲ့ လုပ်ငန်းဆောင်ရွက် လျက် ရှိရာ အများဆုံးဖြစ်ပြီး မွန်ပြည်နယ်တွင် ၆၂ဖွဲ့ဖြင့် ဒုတိယအများဆုံးဖြစ်သည်။ ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် အနည်းဆုံး ဖြစ်ပြီး ၂၅ဖွဲ့သာ လုပ်ငန်းဆောင်ရွက်လျက် ရှိသည်။ ခြုံငုံ၍ ကြည့်လျှင် ကျန်းမာရေးသည် လုပ်ငန်းဆောင်ရွက်မှု အများဆုံး နယ်ပယ်ဖြစ်သည်။ ဒုတိယမှာ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ၊ မှတ်ပုံတင် မွေးစာရင်း သေစာရင်း၊ လက်ထပ်စာချုပ်၊ မိသားစု စာရင်းစသည့် အရပ်ဖက် စာရွက်စာတမ်းအထောက်အထားများ ထုတ်ပေးခြင်း လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ပညာရေး လုပ်ငန်းများ ဖြစ်သည်။ အလှူရှင် အဖွဲ့အစည်း အများအပြား ပါဝင်သည့် ရန်ပုံငွေများ၊ ငြိမ်းချမ်းရေး ရန်ပုံငွေများ အပါအဝင် အလှူရှင် အဖွဲ့အစည်းများ၏ ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်သည့် အခွင့်အလမ်းများလည်း မြန်မာနိုင်ငံတွင် များပြားလာသည်။ ယေဘုယျအားဖြင့် နယ်မြေဒေသ အခန်းကဏ္ဍအားလုံးနှင့် စပ်လျဉ်းသည့် သတင်းအချက် အလက်များ ရရှိနိုင်လာခြင်း ဖြစ်သည်။

ထိရောက်စွာ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေးကို အဓိကအချက်အဖြစ် ရှုမြင်ကြပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ဖက်ဒေသ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေး အစည်းအဝေးများကို အမျိုးသားအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့်များတွင် ကျင်းပပြုလုပ်ကြပါသည်။ အရှေ့တောင်ပိုင်းဒေသ လုပ်ငန်းအစုအဖွဲ့သည် ယင်းသို့သော အစီအမံတစ်ရပ် ဖြစ်ပါသည်။ နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်လာကြသူများ များပြားလာသည့်အတွက် မဟာဗျူဟာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု တိုးမြှင့်ရန် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ သို့ရာတွင် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ သို့မဟုတ် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းအတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို သီးခြား ဆွေးနွေးရန် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေး အစီအမံကို အတိအလင်း သတ်မှတ်ထားခြင်း မရှိပါ။ ကျား-မရေးရာ

အခန်းကဏ္ဍကို အလေးအနက် လုပ်ဆောင်မှု မရှိကြောင်းကိုလည်း တွေ့ဆုံမေးမြန်းရာတွင် ဖြေကြားသူများထံမှ သိရသည်။ အမျိုးသားအဆင့် အရပ်ဖက်လူမှုအဖွဲ့အစည်း လုပ်ငန်းဆောင်ရွက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း ထိတွေ့ဆောင်ရွက်ခြင်းများသည် လည်း စိန်ခေါ်မှုအခက်အခဲဖြစ်နေဆဲ ဖြစ်သည်။

တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် နယ်မြေခံ အစိုးရအဖွဲ့အစည်းများသည် အကြောင်းအရာ အလိုက် အစည်းအဝေးများနှင့် ကဏ္ဍအလိုက် အစည်းအဝေးများ ကျင်းပခြင်း အပါအဝင် အဖွဲ့အစည်းအသီးသီးအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု တိုးတက်ကောင်းမွန်ရေး လုပ်ဆောင်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ဤအဆင့်တွင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု ပိုမို အားကောင်းစေရန် အခွင့်အလမ်း ရှိနိုင်ပါသည်။ နိုင်ငံတော်အစိုးရ အတွက်လည်းကောင်း၊ နယ်မြေခံအဆင့် လက်တွေ့ကျင့်သုံးမှုများအတွက်လည်းကောင်း ပိုမို၍ သက်ဆိုင်အကျိုးဝင် မည်ဖြစ်ပါသည်။ ကိစ္စရပ်တစ်ခုချင်းအတွက် မြို့နယ်အဆင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုသည်လည်း တန်ဖိုး ရှိနိုင် ပါသည်။ သို့ဖြစ်၍ နယ်မြေဒေသတွင်း အစိုးရ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အခြား အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ စွမ်းဆောင်နိုင်လာစေရန် ဖြစ်သည်။ လုပ်ငန်းအသစ်များ စတင်ဆောင်ရွက်ရာတွင် အမျိုးသားအဆင့် အဖွဲ့အစည်းများ ဝန်မပိစေရန်လည်း နယ်မြေဒေသတွင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး ဆွေးနွေးပွဲအဖွဲ့များက အထောက်အကူပြုနိုင်ပါမည်။

ဤအကျဉ်းချုပ်ဖော်ပြချက်၏ အောက်ဖော်ပြပါ အပိုင်းခွဲများမှာ အစီရင်ခံစာပါ အပိုင်းတစ်ပိုင်းစီကို ခြုံငုံဖော်ပြ ထားခြင်း ဖြစ်ပါသည်။

## ၁။ စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် နေထိုင်သူ အများစုမှာ ဆင်းရဲနွမ်းပါးသော လယ်သမားများ ဖြစ်ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ် နှစ်စုအတွင်း နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု လမ်းကြောင်းများ ထွက်ပေါ်လာခြင်း၊ သဘာဝသယံဇာတ ထုတ်ယူခြင်းတို့မှ ချမ်းသာကြွယ်ဝလာကြသူများ ရှိလင့်ကစား စိုက်ပျိုး ထုတ်လုပ်မှု တိုးတက်ကောင်းမွန်လာခြင်း၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ စက်မှုထွန်းကားခြင်းနှင့် သတ္တုတွင်းများ၊ ရေအားလျှပ်စစ်၊ သစ်တောနှင့် ငါးဖမ်းလုပ်ငန်း အပါအဝင် သဘာဝ သယံဇာတထုတ်ယူခြင်းတို့မှဆက်လက်၍ စီးပွားရေးကြီးထွားရန် အနေအထားကောင်းများ ရှိနေသည်။ ထိုင်းနိုင်ငံသို့ နယ်စပ်ဖြတ်ကျော်လျက် လွယ်လင့်တကူ ရောက်ရှိနိုင်ခြင်းကြောင့် တရားဝင်နှင့် တရားမဝင် ကုန်သွယ်ခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းများကို တွေ့ရသည်။

စီးပွားရေးဖွံ့ဖြိုးမှုကြောင့် မည်သူတွေ အကျိုးခံစားရပြီး မည်သူတွေ နစ်နာဆုံးရှုံးမည်နည်းဟူသော စိုးရိမ်ပူပန်မှုများ ရှိသည်။ နယ်မြေဒေသ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုဖြည့်ဆည်းပေးရေးအတွက် အရင်းအမြစ်များ ရင်းနှီး မြှုပ်နှံမှု နည်းပါးနေသည်။ ခရီးသွားလုပ်ငန်းမှာ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန် အလားအလာများစွာ ရှိပြီး လျင်မြန်စွာ ကြီးထွားနေသည်။ နယ်မြေဒေသအတွင်း ဝင်ငွေရရှိမှု များစွာ ကွာခြားနေပြီး စီးပွားရေး ကြီးထွားမှုကြောင့် ကွာဟချက်များ ပိုမိုဆိုးဝါးလာနိုင်သည်။ လူနည်းစု အုပ်စုခေါင်းဆောင်များ၏ ခွဲခြားဆက်ဆံခြင်းဆိုင်ရာ စိုးရိမ် ပူပန်မှုများလည်း တိုးပွားလာနိုင်သည်။ အထူးသဖြင့် အန္တရာယ်ကျရောက်လွယ်သော အုပ်စုများတွင် တောင်ပေါ်နေ လယ်သမားများ၊ အသေးစား ရေလုပ်ငန်း လုပ်ကိုင်သူများနှင့် လူနည်းစုများ ပါဝင်သည်။

တောင်ပေါ်နေ လယ်သမားများ၊ အထူးသဖြင့် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်နေသူများမှာ အထူးသဖြင့် စိုက်ခင်းသစ် များ၊ သစ်တောနှင့် အခြား ပြောင်းလဲမှုများကြောင့် အန္တရာယ် ကျရောက်လွယ်ပါသည်။ ဆီအုန်းစိုက်ပျိုးရေးအတွက် ချထားပေးသော မြေနေရာများမှာ ယခုအခါ တနင်္သာရီတိုင်းဒေသကြီးရှိ စုစုပေါင်း မြေဧရိယာ၏ ၁၈%ပင် ရှိနေပါသည်။ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာလည်း ရှမ်းပြည်နယ်တွင် အဓိကပြဿနာတစ်ရပ်

ဖြစ်သည်။ ဘိန်းကို မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ၈၄ မြို့နယ်အနက် အနည်းဆုံး ၃၂ မြို့နယ်တွင် အတိုင်းအတာ တစ်ခုအထိ စိုက်ပျိုးကြသည်။

ကျေးလက်ဆင်းရဲနွမ်းပါးမှု ဆက်လက်ဖြစ်ပွားနေပြီး မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု ၂၀၁၂ခုနှစ် အကဲဖြတ်ချက်အရ အိမ်ထောင်စု သုံးပုံနှစ်ပုံ နီးပါးသည် အခြေခံ လိုအပ်ချက်များ ပြည့်မီအောင် ဖြည့်ဆည်းနိုင်ခြင်း မရှိပါ။

## ၂။ အခြေခံအဆောက်အဦးနှင့် ရင်းနှီးမြှုပ်နှံမှုများ

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း တစ်ဝန်းလုံးတွင် ရင်းနှီးမြှုပ်နှံမှု အသစ်များ ပိုမို ဝင်ရောက်လာပါသည်။ လျှပ်စစ်ဓာတ်အား ရရှိရေး၊ လမ်းဖောက်လုပ်ခြင်းကဲ့သို့သော အများပြည်သူကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများ၊ ဆက်သွယ်ရေး၊ စိုက်ခင်းများ တည်ထောင်ခြင်းနှင့် သတ္တုတွင်း ကဲ့သို့သော ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ပါဝင်သည်။ အဓိက စီမံကိန်းကြီးများတွင် ပြည်တွင်း၌သာမက နိုင်ငံတကာနှင့်ပါ ဆက်သွယ်မှု ပိုမိုကောင်းမွန်လာစေရန် လမ်းများ တိုးတက်ကောင်းမွန်စေရေး၊ ဆိပ်ကမ်းများ အဆင့်မြှင့်တင်ရေး၊ စက်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်း စီမံကိန်းများ ပါဝင်သည်။

ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်ပမာဏ များပြားသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှု အနေအထားများမှာ တစ်နိုင်ငံလုံးတွင် အနည်းဆုံးရရှိသော ဒေသထဲမှတစ်ခုတွင် အပါအဝင် ဖြစ်သည်။ အထူးသဖြင့် တနင်္သာရီနှင့် ကရင်ပြည်နယ်အတွင်း ဝေးလံသော ဒေသများတွင် လျှပ်စစ်မီးရရှိမှု နည်းပါးသည်။ အစိုးရ မဟုတ်သော အဖွဲ့များ ထိန်းချုပ်ထားသည့် ထိုင်းနယ်စပ်အနီး ပဋိပက္ခ ဖြစ်ပွားသည့် နယ်မြေဒေသများတွင် အထူးသဖြင့် အခြေခံအဆောက်အဦများ ချို့တဲ့သည်။ အချို့သော အပြောင်းအလဲများ လျင်မြန်စွာ စတင်ဖြစ်ပွားလျက် ရှိသည်။ ၂၀၁၄ခုနှစ်တွင် အိမ်ထောင်စု ၃၁%မှာ လက်ကိုင်ဖုန်းများ အသုံးပြုလျက်ရှိသည်။ ၂၀၁၆ခုနှစ်တွင် ယင်း ကိန်းဂဏန်းမှာ နှစ်ဆတိုးလာနိုင်ပါသည်။

စီမံချက်အသစ်များကြောင့် တင်းမာမှုများ ဖြစ်ပွားလျက် ရှိသည်။ ငြိမ်းချမ်းရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ၊ မြေအသုံးပြုမှု၊ ကျား-မရေးရာ အခန်းကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်တို့နှင့် စပ်လျဥ်း၍ စိုးရိမ်ပူပန်မှုများကို အရပ်ဖက်လူမှု အဖွဲ့အစည်းများက ထုတ်ဖော်ပြောကြားကြသည်။ ထားဝယ်ရှိ အဆိုပြုထားသော ဆိပ်ကမ်းနှင့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေး ကဲ့သို့သော မကြာသေးမီက စီစဉ်ဆောင်ရွက်ကြသည့် ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများကို နယ်မြေခံများက မိမိတို့အတွက် အကျိုးမရှိ၊ နစ်နာရန်သာရှိသည်ဟူ၍ မကျေနပ်ကြပါ။ တပ်မတော်နှင့် ဆက်စပ်ပတ်သက်မှု ရှိသော အုပ်စုများသာ အဓိက အကျိုးခံစားရသည့် ပွင့်လင်းမြင်သာမှု မရှိသော အထက်မှ အောက်သို့ ဆုံးဖြတ်ချက်များချထားပေးသည့် စနစ်ကြောင့် အနာဂတ်မှာမျှော်လင့်ချက် မရှိ ဖြစ်နေရသည်။ တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများနှင့် နယ်ခံပြည်သူလူထုက ၎င်းတို့၏ နယ်မြေဒေသအတွင်း ပြင်ပမှ လာရောက် ရင်းနှီးမြှုပ်နှံမည်ဆိုပါက သံသယဖြစ်ကြပါသည်။ များသောအားဖြင့် စီမံချက်များကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ စိစစ်ခြင်း၊ နယ်မြေခံ ရပ်ရွာပြည်သူလူထု အသိုက်အဝန်းများ သို့မဟုတ် နယ်မြေဒေသ ခေါင်းဆောင်များ နှင့် အဓိပ္ပာယ်ရှိသော တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်မည်ဆိုပါက လုံလောက်မှု ရှိတတ်ပါသည်။

ငြိမ်းချမ်းရေးကို ဆက်လက်ဆောင်ရွက်ပြီး အခိုင်အမာ တည်ဆောက်နိုင်မည်ဆိုပါက အန္တရာယ်မကင်းဟု ယခင်က ယူဆခဲ့သော နယ်မြေဒေသများတွင် အများပြည်သူကဏ္ဍနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ထပ်မံ ဝင်ရောက်လာ ဖွယ်ရာရှိသည်။ ရင်းနှီးမြှုပ်နှံမှုအသစ်များ လိုအပ်သော်လည်း မူလကပင် ရှိနှင့်သော ပဋိပက္ခကို ဖြစ်ပေါ်ရန်တွန်းအားပေးသည့် အကြောင်းအချက်များကို ဆိုးဝါးစေနိုင်ပါသည်။ မညီမျှမှုကိုလည်း တိုးပွားစေနိုင်သည်။

ကရင်ပြည်နယ် မြဝတီသို့ မကြာသေးမီက လမ်းပိုမိုကောင်းမွန်စေရန် ဖောက်လုပ်ခဲ့ရာ လက်နက်ကိုင်အုပ်စုများအကြား ပဋိပက္ခများ တိုးပွားခဲ့သည်။

## ၃။ သဘာဝသယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်

ဓာတ်သတ္တု၊ သစ်တောနှင့် ရေမြေပေါသော နယ်မြေဒေသ၏ သဘာဝ သယံဇာတများကို စီမံခန့်ခွဲခြင်းနှင့် မျှဝေအကျိုးခံစားရေးမှာ အမှားအယွင်း အတိမ်းအစောင်း မခံသော ကိစ္စရပ် ဖြစ်သည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ ဖက်ဒရယ်စနစ်အတွက် ပံ့ပိုးမှုအခန်းကဏ္ဍများ၊ ပွင့်လင်းမြင်သာရှိမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများနှင့် အကျိုးခံစားခွင့်ကို သာတူညီမျှ ခွဲဝေရေးတို့အပေါ် သက်ရောက်မှု ရှိပါသည်။

နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေမှာ တွင်းထွက်ဓာတ်သတ္တုများ၊ ရေအားလျှပ်စစ်နှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကမ်းလွန်သဘာဝဓာတ်ငွေ့ အပါအဝင် သဘာဝသယံဇာတ လုပ်ကိုင်ခွင့်များအပေါ် များစွာမူတည်နေသည်။ သယံဇာတမှ ရရှိသော ဘဏ္ဍာငွေကြောင့် ဆယ်စုနှစ်များစွာ ဒေသတွင်း ဖြစ်ပွားလျက်ရှိသော ပဋိပက္ခအများအပြားကို ရှုပ်ထွေးမှုများ ဖြစ်ပွားစေသည်။

သစ်တောဖုံးလွှမ်းမှုလျော့နည်းကျဆင်းလျက် ရှိသော်လည်း တနင်္သာရီတိုင်းဒေသကြီး သုံးပုံနှစ်ပုံနှင့် ကရင်ပြည်နယ် ထက်ဝက်ခန့်မှာ သစ်တောများ ဖုံးလွှမ်းနေဆဲ ဖြစ်ပါသည်။ ပြည်ပသို့ သစ်တင်ပို့ရာမှ ဘဏ္ဍာငွေကြေး အမြောက်အမြား ရရှိပြီး သစ်တောများကို မှီခိုလျက် အသက်မွေးသော ရပ်ရွာအသိုက်အဝန်းများနှင့် ငွေကြေးပမာဏများစွာ အကျိုးအမြတ်ရယူနေသည့် အုပ်စုများအကြား ပဋိပက္ခ ဖြစ်ပွားလာသည်။ ဒေသရှိ သစ်တောများမှာ အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် အလွန်များပြားသော ဇီဝမျိုးစုံမျိုးကွဲများရှိသည်။ ဥပဒေပြုရန် မူဘောင် တိုးတက်ကောင်းမွန်စေရေး အပါအဝင် ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။

ရေလွှမ်းမိုးမှုမှာ အကြီးမားဆုံး သဘာဝဘေးအန္တရာယ်ဖြစ်ပါသည်။ အထူးသဖြင့် မြေယာအသုံးပြုမှု အပြောင်းအလဲကြောင့် ရေလွှမ်းမိုးမှု ပိုမိုဖြစ်ပွားသော ဒေသများ ရှိပါသည်။ ငလျင်အန္တရာယ်နှင့် မီးလောင်မှု အပါအဝင် အခြား စိုးရိမ်ပူပန်မှုများသည် သဘာဝဘေး ကြိုတင်ပြင်ဆင်ရေး လုပ်ဆောင်ရမည့် အခြား နယ်ပယ်များ ဖြစ်ပါသည်။

## ၄။ ပညာရေး နှင့် ကျန်းမာရေး ဝန်ဆောင်မှုများ

မကြာသေးမီနှစ်များအတွင်း ပညာရေးဝန်ဆောင်မှုများနှင့် ကျန်းမာရေး ပြုစုစောင့်ရှောက်မှု ဖြည့်ဆည်းပေးခြင်းတို့မှာ တစ်ဖြည်းဖြည်း ပိုမိုကောင်းမွန်လာသည်ဟု လူအများစုက ဆိုကြပါသည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ဝန်ဆောင်မှုဖြည့်ဆည်းပေးနေသော အဖွဲ့အစည်း အသီးသီး ရှိပါသည်။ နိုင်ငံတော်အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့များနှင့် ပုဂ္ဂလိက ဝန်ဆောင်မှု လုပ်ငန်းများ ဖြစ်ပါသည်။နယ်စပ်တွင် နေထိုင်သူအချို့သည် ထိုင်းနိုင်ငံသို့ သွားရောက်လျက် ကျန်းမာရေး ဝန်ဆောင်မှုများ ရယူကြရသည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ပညာသင်ကြားနိုင်မှု ကိန်းဂဏန်းများမှာတစ်နေရာနှင့် တစ်နေရာ ကွာခြားသည်။ တစ်နိုင်ငံလုံး ပျမ်းမျှကိန်းဂဏန်းများနှင့် နီးစပ်သည့် နေရာဒေသများ ရှိသကဲ့သို့ ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် စာတတ်မြောက်မှုနှုန်း တစ်နိုင်ငံလုံး ပျမ်းမျှထက် များစွာ နိမ့်ကျနေသည်လည်း ရှိပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း တစ်ဝန်းလုံးတွင် အမျိုးသမီးများသည် အမျိုးသားများထက် စာတတ်မြောက်မှုနှုန်း နိမ့်ကျသည်။ ဆရာဖြစ်သင်တန်းများ၏အဆင့်အတန်း၊ အသက်မွေးဝမ်းကျောင်းပညာရေး အရည်အသွေးနှင့် သင်ကြားပေးနိုင်မှု၊

မူလတန်းပညာသာ သင်ကြားနိုင်သော ကလေးသူငယ် အရေအတွက် များပြားနေခြင်း စသည့် အထူးသဖြင့် စိုးရိမ်ပူပန်မှုများ ရှိပါသည်။

ကလေးသူငယ်သေဆုံးမှုနှုန်းမှာ တစ်နိုင်ငံလုံးပျမ်းမျှထက် များပြားနေပါသည်။ ဝေးလံသော ပဋိပက္ခဖြစ်ပွားနေသည့် နယ်မြေဒေသများတွင် လေ့ကျင့်သင်တန်းပေးမှု ရရှိထားသော ကျန်းမာရေး ဝန်ထမ်းများ မရှိခြင်း၊ ဆေးရုံဆေးခန်းများသို့ သွားရောက်ရန် ခက်ခဲခြင်း ပြဿနာများ ရှိသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ဝေးလံသော နယ်မြေဒေသများရှိ ရပ်ရွာအသိုက်အဝန်းများနှင့် နေရပ်စွန့်ခွာရသူ အသိုက်အဝန်းများတွင် သေဆုံးမှုအားလုံး၏ ၄၂%မှာ တားဆီးနိုင်သော ရောဂါများဖြစ်ပါသည်။ နိုင်ငံ၏ အခြားအပိုင်းများမှာ ကဲ့သို့ပင်ကိုယ်ဝန်ဆောင် မိခင်များနှင့် မျိုးဆက်ပွားကျန်းမာရေး၊ လိင်မှုဆိုင်ရာ ကျန်းမာရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိပါ။

ခြုံငုံ၍ကြည့်လျှင် ပဋိပက္ခကြောင့် ထိခိုက်သော နယ်မြေဒေသများ အထူးသဖြင့် အဝေးလံဆုံးနယ်မြေဒေသများမှာ ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုများ ရရှိနိုင်မှု နည်းပါးပါသည်။ နိုင်ငံတော် အစိုးရက ဖြစ်စေ၊ အစိုးရမဟုတ်သောလက်နတ်ကိုင်အဖွဲ့အစည်းများကဖြစ်စေဝန်ဆောင်မှု ဖြည့်ဆည်းပေးခြင်းကို နယ်မြေဒေသတွင်း တရားဝင်ဖြစ်မှု အာဏာပိုင်ဖြစ်မှု တည်ဆောက်သည့် နိုင်ငံရေးလုပ်ခြင်းဟု ကျယ်ပြန့်စွာ ရှုမြင်ကြပါသည်။ ဝန်ထမ်းခန့်ထားခြင်း၊ ကျောင်းများတွင်အသုံးပြုသောဘာသာစကား၊ သင်ကြားပေးသော သမိုင်း စသည့် အချို့ အခန်းကဏ္ဍများမှာ အငြင်းပွားမှု များစွာ ရှိပါသည်။

အစိုးရမဟုတ်သော လက်နက်ကိုင်အချို့သည် နိုင်ငံတော်နှင့် ယှဉ်ပြိုင် အုပ်ချုပ်မှု အစီအမံများ လုပ်ဆောင်လျက် ဖြစ်စေ၊ နယ်မြေခံ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှတဆင့် ဖြစ်စေ ၎င်းတို့ ထိန်းချုပ်ထားသော နယ်မြေဒေသတွင် ဝန်ဆောင်မှု ဖြည့်ဆည်းပေးရေး တာဝန်ယူလုပ်ဆောင်ကြပါသည်။ ထိန်းချုပ်မှုမသတ်မှတ်နိုင်သေးသော နယ်မြေ ဒေသများတွင် နိုင်ငံတော်အစိုးရ၊ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် (NGO) များ ရောနှောလျက် ဝန်ဆောင်မှု ဖြည့်ဆည်းပေးကြပါသည်။

ဝန်ဆောင်မှု ဖြည့်ဆည်းပေးသူ အသီးသီးအကြား ပိုမိုကောင်းမွန်သော ချိတ်ဆက်မှုများ ပြုလုပ်နိုင်စေရန် ဆောင်ရွက်ဆဲ ဖြစ်သည်။ နေရာဒေသအများအပြားတွင် မြေပြင်၌ လက်တွေ့ကျကျ ရောနှောဆောင်ရွက်ကြပါသည်။ ဗဟိုအစိုးရ လုပ်ပိုင်ခွင့်အာဏာကို မြှင့်တင်သည်ဟု ထင်မြင်ရပါက စုပေါင်းလုပ်ဆောင်သည့် အယူအဆကို ဆန့်ကျင်လာနိုင်သည်။

နယ်စပ်အနီးရှိ ရွှေ့ပြောင်းသွားလာသော အုပ်စုများနှင့် ပြည်သူလူထုသည် ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုများ ကို ရယူရန် အခက်အခဲ ရှိနိုင်ပါသည်။ အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများ ထိန်းချုပ်ထားသည့် နယ်မြေဒေသများ သို့မဟုတ် ထိုင်းနိုင်ငံတွင်းရှိ စခန်းများတွင် ပညာသင်ကြားခဲ့သူများသည် မြန်မာနိုင်ငံအတွင်းတွင် အလုပ်အကိုင် ကောင်းများ ရရှိနိုင်ရေး သို့မဟုတ် အဆင့်မြင့်ပညာ တက်ရောက်သင်ကြားနိုင်ရေးအတွက် လိုအပ်သော အရည်အချင်း သတ်မှတ်ချက်များ သို့မဟုတ် ဘာသာစကား ကျွမ်းကျင်မှုများ မရှိဘဲ ဖြစ်နိုင်ပါသည်။

## ၅။ အုပ်ချုပ်မှု၊ တရားမျှတမှုနှင့် မြေယာအခွင့်အရေးများ

မြန်မာနိုင်ငံသည် ဗဟိုချုပ်ကိုင်မှုများပြားပါသည်။ ဗဟိုမှ လုပ်ပိုင်ခွင့်အာဏာကျင့်သုံးမှုကို တိုင်းရင်းသားလူနည်းစု ပြည်နယ်များ၊ တိုက်ခိုက်မှုများဖြစ်ပွားနေသော ပဋိပက္ခနယ်မြေများနှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း အချို့ နယ်မြေဒေသများတွင် ကျေနပ်မှု မရှိကြပါ။

ဗဟိုချုပ်ကိုင်မှုလျှော့ချရန် ဆောင်ရွက်မှုများ ရှိသော်လည်း တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များမှာ အားနည်းနေပါသည်။ ဘဏ္ဍာငွေလုံလောက်စွာ မရှိကြဘဲ အုပ်ချုပ်စီမံမှုပိုင်း ပံ့ပိုးမှုနည်း နည်းပါးသည်။ နယ်မြေခံ အဆင့်တွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အရာရှိများ၊ အချို့နေရာများတွင် တပ်မတော်ကသာ ဩဇာလွှမ်းမိုးလျက်

ရှိသည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကိုမူ ယခုအခါ ခန့်အပ်ခြင်းမဟုတ်ဘဲ သွယ်ဝိုက်၍ ရွေးကောက်တင်မြှောက်ခြင်း ဖြစ်ပါသည်။

တိုင်းရင်းသားခေါင်းဆောင်များနှင့် နယ်မြေခံ နိုင်ငံရေးသမားများအတွက် ဖက်ဒရယ်စနစ်မှာ အရေးတကြီး လုပ်ဆောင်ရမည့် ကိစ္စရပ် ဖြစ်ပါသည်။ ဆောင်ရွက်ဆဲ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့်လည်း နီးကပ်စွာ ချိတ်ဆက်နေပါသည်။ အခြေအတင် ဆွေးနွေးဆဲ ကိစ္စရပ်ဖြစ်ပါသည်။

ဗဟိုအစိုးရ၏ ထိန်းချုပ်နိုင်မှု အပြည့်အဝ မရှိသော မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း နယ်မြေဒေသများတွင် ရှုပ်ထွေးသော နယ်မြေဒေသတွင်း အုပ်ချုပ်မှု အစီအမံများ အမျိုးမျိုး ရှိပါသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အစိုးရ အဖွဲ့အစည်းများနှင့် ယှဉ်တွဲနေထိုင်ခြင်း၊ တိုက်ခိုက်ခြင်း၊ သိမ်းပိုက်ခြင်း စသည်ဖြင့် ဆက်ဆံရေး အမျိုးမျိုး ရှိပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း နယ်မြေဒေသအများအပြား (ဥပမာ ရှမ်းပြည်နယ် နေရာအတော်များများ)တွင် အာဏာပိုင်များ တစ်ဖွဲ့မက ရှိနေပြီး နယ်မြေခံ အစိုးရမဟုတ်သော အဖွဲ့အစည်းများက မြေပြင်တွင် ဩဇာ သက်ရောက်မှုရှိနေပါသည်။

နယ်မြေဒေသအားလုံးတွင် အမျိုးသားများနှင့် အထူးသဖြင့် အမျိုးသမီးများအတွက် တရားစီရင်ရေး ရယူနိုင်မှု အတားအဆီးများ ရှိနေပါသည်။ တိုင်းရင်းသားအုပ်စုများအတွင်းနှင့် တိုင်းရင်းသားအုပ်စုတစ်ခုနှင့်တစ်ခုအကြားတွင်လည်းကောင်း၊ နိုင်ငံတော်အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့များအကြားတွင်လည်းကောင်း မယုံကြည်မှု ကျယ်ပြန့်စွာ ရှိနေခြင်းကြောင့် တရားစီရင်ရေး ရယူနိုင်မှုမှာ အကန့်အသတ် ဖြစ်နေသည်။ ပြင်ပမှ အာဏာပိုင်များကို နှစ်ဘက်ယုံကြည်စိတ်ချမှု မရှိခြင်းမှာ ယေဘုယျအားဖြင့် နယ်မြေခံများက မည်သည့် ဥပဒေစနစ်ကိုမဆို အခွင့်အရေးများ အကာအကွယ်ပေးသည့်အနေဖြင့် မရှုမြင်ဘဲ ဖိနှိပ်သည့် နည်းလမ်းကိရိယာတစ်ရပ်အဖြစ် ရှုမြင်ကြသည်။ ကျေးရွာအဆင့်တွင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ နေရာဒေသ အနှံ့အပြားမှ ရပ်ရွာများသည် အာဏာရှင်အုပ်ချုပ်မှုနှင့် ဆက်လက်ဖြစ်ပွားဆဲ လက်နက်ကိုင်ပဋိပက္ခတို့ကို ရင်ဆိုင်ရင်း ခံနိုင်ရည် ရှိမှုနှင့် ပြဿနာဖြေရှင်းသည့် အစီအမံများကို ဆယ်စုနှစ်များစွာ တည်ဆောက်ပြီး မိမိတို့ကိုယ်တိုင် အုပ်ချုပ်လျက် အသားကျနေပြီဖြစ်သည်။ ကျေးရွာအုပ်စုများ၏ ၇၄% သည် ကြီးလေးသော အငြင်းပွားမှုများကို ဖြေရှင်းသည့် အဓိက နည်းလမ်းအဖြစ် ဓလေ့ထုံးတမ်းဥပဒေ အမျိုးမျိုးကို အသုံးပြုကြကြောင်း စစ်တမ်းတစ်ခုအရ တွေ့ရှိရပါသည်။

မြေယာရရှိအသုံးပြုမှုမှာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတစ်ခုလုံးတွင် အရေးပါသော ကိစ္စရပ် အများအပြားအတွက် အချက်အချာ ဖြစ်ပါသည်။ ကုန်သွယ်မှု၊ သဘာဝသယံဇာတများ၊ ရွှေ့ပြောင်းသွားလာမှု၊ နေရပ်ပြန်သူများ၊ မြေမြှုပ်မိုင်းများ၊ ကျား-မရေးရာ အခန်းကဏ္ဍ သာတူညီမျှမှု၊ မြေပိုင်ဆိုင်မှုနှင့် နိုင်ငံသားဖြစ်မှုအဆင့်တို့သည် မြေယာကို ရှုမြင်ပုံနှင့် မြေယာဆိုင်ရာ အငြင်းပွားမှုများနှင့် ချိတ်ဆက်နေပါသည်။ လက်ရှိဥပဒေများသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေရုံမျှမက အနှံ့အပြား ကျင့်သုံးနေသည့် မြေကို ဓလေ့ထုံးတမ်း ရပ်ရွာမှ စုပေါင်းပိုင်ဆိုင် အသုံးပြုခြင်း နှင့်လည်း ဆန့်ကျင်နေသည်။

မြေအသုံးပြုမှုမူဝါဒ ပိုမိုကောင်းမွန်လာပြီး မြေယာမှတ်ပုံတင်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိသော်လည်း အရေးကြီးသည့် စိန်ခေါ်မှုများ ကျန်ရှိနေပါသည်။ တပ်မတော်မှ မြေသိမ်းဆည်းမှု ဖြစ်စဉ်များ ရှိခဲ့ခြင်းကြောင့် ဤကိစ္စရပ် မှာ အထူးသဖြင့် အမှားအယွင်း အတိမ်းအစောင်း မခံသော ကိစ္စဖြစ်ပါသည်။ တပ်မတော်အနေဖြင့် ပြည်သူလူထု၏ မြေယာအခွင့်အရေးများကို ချိုးဖောက်ခြင်း များစွာ လျော့နည်းသွားပြီ ဖြစ်သော်လည်း မြေယာဖွံ့ဖြိုးရေး လုပ်ဆောင်ခြင်း၊ မြေဈေးများ မြင့်တက်ခြင်းတို့ကြောင့် နောက်ထပ် ခြိမ်းခြောက်မှု အခက်အခဲများ ဖြစ်နေပါသည်။ နေရပ်ပြန်သော ရွှေ့ပြောင်းသွားလာသူများ၊ နေရပ်စွန့်ခွာရသူများ၊ တောင်ပေါ်ဒေသ ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင် သူများ အပါအဝင် အုပ်စုများသည် ချိုးဖောက်မှုများအထူး တွေ့ကြုံခံစားကြရသည်။

## ၆။ ငြိမ်းချမ်းရေး တည်ဆောက်မှုများ

၁၉၄၈ခုနှစ်တွင် လွတ်လပ်ရေး ရရှိချိန်မှ စတင်လျက် မြန်မာနိုင်ငံတွင် ကာလကြာရှည် ပဋိပက္ခများ ဖြစ်ပွားခဲ့သည်။ ယင်းပဋိပက္ခများ၏ အကြောင်းရင်းမှာ နိုင်ငံရေးဖြစ်သော်လည်း စီးပွားရေးအကြောင်းအချက်များလည်း ပါဝင်သည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ကျန်ရှိနေသော ပဋိပက္ခများမှာ အသိအမှတ်ပြုမှုနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရရှိလိုသော တိုင်းရင်းသားလူနည်းစု နယ်မြေခံ အုပ်စုများနှင့် ဖြစ်ပွားနေခြင်း ဖြစ်ပါသည်။

ဆောင်ရွက်နေဆဲ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ ဆယ်စုနှစ်များစွာ ဖြစ်ပွားနေသော ပြည်တွင်းပဋိပက္ခ အဆုံးသတ်စေရန် ရည်ရွယ်ပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှ အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့အစည်း ၅ဖွဲ့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ သို့သော် အခြားအဖွဲ့အစည်းများက လက်မှတ်မထိုးကြပါ။ သို့သော် လက်မှတ်မထိုးသော အဖွဲ့များသည် ၂၀၁၂ခုနှစ် ပတ်ဝန်းကျင်က နှစ်ဘက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးထားခြင်းကြောင့် ပိုမို ကျယ်ပြန့်သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်နေဆဲ ဖြစ်ပါသည်။NCA ကို လက်မှတ်ရေးထိုးပြီး ပူးတွဲစောင့်ကြည့်ရေး ကော်မတီများကို ဖွဲ့စည်းခဲ့ကြပါသည်။ ၂၀၁၆ခုနှစ်အစောပိုင်းတွင် ရှမ်းပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့တွင် ဖွဲ့စည်းတည်ထောင်ပြီး ဖြစ်ပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် အစိုးရမဟုတ်သောအဖွဲ့များအကြား စည်းလုံးညီညွတ်မှု မရှိခြင်း၊ ပါဝင်သူ အဖွဲ့များအကြား ယုံကြည်မှုနည်းပါးခြင်း စသော အတားအဆီး အများအပြားနှင့် ဆက်လက် ရင်ဆိုင်နေရသည်။ လုပ်ငန်းစဉ်ကို ဦးဆောင်သူများအနေဖြင့်ရပ်ရွာ၏ စိုးရိမ်ပူပန်မှုများ အပါအဝင် ပြည်သူလူထု ထုတ်ဖော်ပြောဆိုမှုများ ပါဝင်စေရန်နှင့် အမျိုးသမီးများ ပါဝင်နိုင်စေရန် ဆောင်ရွက်သော်လည်း သက်ရောက်မှုအနည်းငယ်သာ ရှိပါသည်။ အမျိုးသမီး အဖွဲ့အစည်းများနှင့် အချို့သော ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အဖွဲ့အစည်းများသည် အမျိုးသမီး ငြိမ်းချမ်းရေး တည်ဆောက်သူများကို လေ့ကျင့်သင်တန်းပေးလျက် စွမ်းဆောင်ရေတိုးမြှင့်ရေး ဆောင်ရွက်ပေးရန်နှင့် ၎င်းတို့၏ ဦးစားပေးများကို ဖော်ထုတ်ရန် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်လျက် ရှိပါသည်။

အကူအညီပေးသော အဖွဲ့အစည်းများ၏ စိုးရိမ်ပူပန်မှုများတွင် အစိုးရမဟုတ်သော ပါဝင်လုပ်ဆောင်နေသူများ (NSA) အထူးသဖြင့် တရားဝင်အဖွဲ့အစည်းများအဖြစ် လက်ခံမထားသော အဖွဲ့အစည်းများနှင့် သင့်တော်သော နည်းလမ်းများဖြင့် ထိတွေ့ဆောင်ရွက်နိုင်ရန်လည်း ပါဝင်သည်။ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး စောင့်ကြည့်လေ့လာ သည့် အရပ်ဖက်အစီအမံများကို တရားဝင် စောင့်ကြည့်စစ်ဆေးရေး စုဖွဲ့ပုံများအတွင်း ပေါင်းစည်းထည့်သွင်းရေးမှာ နောက်ထပ် စိန်ခေါ်မှု အခက်အခဲတစ်ရပ် ဖြစ်ပါသည်။ နယ်မြေခံအဆင့်တွင် အလွတ်သဘော စီးပွားရေး အရေးပါပုံနှင့် နယ်မြေဒေသတွင်း ရပ်ရွာတွင်း ပဋိပက္ခ ဖြစ်ပွားမှုနှုန်း အပါအဝင် အချို့သော ကိစ္စရပ်များအတွက် သတင်းအချက်အလက် ရရှိမှု အကန့်အသတ်ရှိသည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် လက်နက်ကိုင်ပဋိပက္ခလျော့နည်းကျဆင်းလာသည်နှင့်အမျှ သွားရေးလာရေး လွယ်ကူလာပါသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်နှင့် အထူးသဖြင့် ဝေးလံသော တောင်ပေါ်ဒေသများတွင် ကာလရှည် ဖြည့်ဆည်းပေးခြင်း မရှိသေးသည့် ဖွံ့ဖြိုးမှု လိုအပ်ချက်များကို ပိုမိုအာရုံစူးစိုက်ဆောင်ရွက်ရန် ဖြစ်နိုင်ခြေများ ပေါ်ပေါက်လာပါသည်။ လူသားချင်းစာနာရေး လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ပေးရန် လူသားချင်းစာနာရေး အဖွဲ့အစည်းများက လူအုပ်စုများထံ သွားရောက်ခြင်းကို တားမြစ်သည့် ဖြစ်ရပ်များလည်း ဆက်လက်ဖြစ်ပွားနေပါသည်။ မကြာသေးမီက တိုက်ပွဲဖြစ်ပွားခဲ့သော နယ်မြေဒေသများမှာ တည်ငြိမ်မှု မရှိဘဲ ပဋိပက္ခများ ထပ်မံဖြစ်ပွားလာနိုင်သည့် အန္တရာယ် ရှိနေသေးသည်။ ငြိမ်းချမ်းရေး ရေရှည်တည်တံ့နိုင်ရန် အဓိက သော့ချက်မှာ ငြိမ်းချမ်းရေး၏ အကျိုးကျေးဇူးများကို ထိရောက်စွာ သာတူညီမျှ ခွဲဝေပေးနိုင်ရေး ဖြစ်ပါသည်။

မြန်မာနိုင်ငံ အရှေ့တောင်ဖက်တစ်လွှား လုပ်ငန်းဆောင်ရွက်လျက် ရှိကြသော ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာရေး အဖွဲ့အစည်းများအတွက် စီမံကိန်းများ ရေးဆွဲရာတွင် ပဋိပက္ခကို ထည့်သွင်းစဉ်းစားရပါသည်။ အကောင်းဆုံးစီမံကိန်း

ရေးဆွဲသည့် မဟာဗျူဟာများဆိုသည်မှာ များပြားရှုပ်ထွေးသော နယ်မြေဒေသ ဆက်စပ်အခြေအနေများကို နားလည် သဘောပေါက်ပြီး မရည်ရွယ်ဘဲ ထိခိုက်မှုဖြစ်မည့် အန္တရာယ်ကို အသိအမှတ်ပြုပါသည်။ ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခြင်းကို ဖြေကြားသူများသည် နောင်အခါ လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်ရာ၌ ပဋိပက္ခ ဖြစ်နိုင်ခြေကို သိမြင်နားလည်သော ချဉ်းကပ်ပုံများ၏ အရေးကြီးပုံကို အလေးအနက် ဖော်ပြကြသည်။

## ၇။ မြေမြှုပ်မိုင်းများနှင့် စစ်ကျန်ပေါက်ကွဲပစ္စည်းများ

မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းများ ရှိနေသည့် မြို့နယ် (၅၈) မြို့နယ်အနက် အများစုမှာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း တွင် တည်ရှိပါသည်။ ဒေသခံများအနေဖြင့် မိုင်းရှိသည့် နေရာအများအပြားကို သိရှိထားကြသော်လည်း မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် မိုင်းများ တည်ရှိရာနေရာတို့အကြောင်း သတင်းအချက်အလက် ပြည့်စုံစွာ ရရှိနိုင်မှုမှာ အကန့်အသတ် ရှိသည်။

တပ်မတော်၊ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တစ်ခါတစ်ရံ နယ်မြေခံ ရပ်ရွာများက မိမိတို့ ကိုယ်ကို ကာကွယ်ရန် မိုင်းများ ချထားခြင်း ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် မိုင်းများ/စစ်ကျန်ပေါက်ကွဲပစ္စည်းများ ကြောင့် သေဆုံးသူ ၂၅၁ဦး ရှိရာ ဤစာရင်းတွင် မပါဝင်သော သေဆုံးသူများလည်း ရှိမည်သာ ဖြစ်ပါသည်။ မြန်မာ နိုင်ငံတွင် ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းနှင့် ကရင်ပြည်နယ်တို့မှာ အဆိုးဝါးဆုံး ထိခိုက်သော နယ်မြေဒေသများ ဖြစ်သည်။

မြေမြှုပ်မိုင်းများ ရှိနေခြင်းသည် ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးတွင် အရေးပါသော အဟန့်အတား ဖြစ်ပါသည်။ နယ်မြေဒေသအများအပြားတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စီးပွားရေး ဖွံ့ဖြိုးမှု၊ မြေပိုင်ဆိုင်မှု၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ ရယူနိုင်မှုတို့မှာ မိုင်းများကြောင့် အတားအဆီးဖြစ်ပါသည်။ ယင်းတို့အားလုံးတွင် ကျား-မရေးရာ အခန်းကဏ္ဍဆိုင်ရာ အပိုင်းကဏ္ဍများနှင့် အဓိပ္ပာယ် သက်ရောက်မှုများ ရှိပါသည်။

မိုင်းရှင်းလင်းသည့် လုပ်ငန်းများ စတင်ဆောင်ရွက်ခြင်း မရှိသေးသော်လည်း အမျိုးသားအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်တွင်ပြဿနာကို လျော့ပါးစေရန် ကတိကဝတ်များ ပြုလုပ်ထားပါသည်။ မိုင်းဆိုင်ရာ သိမြင်နားလည်မှု မြှင့်တင်ရေး လုပ်ဆောင်နေသောအဖွဲ့အစည်း အများအပြား ရှိပြီး အချို့မှာ အလှူရှင် အဖွဲ့အစည်းများထံမှ ရန်ပုံငွေ အများအပြား ရရှိကြသည်။ လက်ရှိလုပ်ငန်းအစီအစဉ် ဆောင်ရွက်နိုင်သည့် အတိုင်း အတာမှာ ကျယ်ပြန့်သော်လည်း အပြည့်အဝ လွှမ်းခြုံမိစေရန် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။

မြန်မာနိုင်ငံသည် နိုင်ငံတကာမိုင်းတားဆီးရေးစာချုပ် (၁၉၉၇ခုနှစ်)ကို စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ခြင်းမရှိသေးပါ။ အမျိုးသားအဆင့် မိုင်းရှင်းလင်းရေး စံနှုန်းများ ပြုစုပြီးဖြစ်သော်လည်း ယင်းတို့ကို မျှဝေခြင်း သို့မဟုတ် အကောင်အထည်ဖော်ခြင်း မရှိသေးပါ။ အဖွဲ့အစည်း အသီးသီးမှာ ယခုအခါ မိုင်းအန္တရာယ်ပညာပေး လုပ်ငန်းများကို သာ လုပ်ဆောင်နေရခြင်း ဖြစ်ပါသည်။

## ၈။ နေရပ်စွန့်ခွာရသူများနှင့် ရွှေ့ပြောင်းသွားလာမှုများ

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း နယ်မြေဒေသအများအပြားတွင် ပဋိပက္ခကို ရှောင်ရှားရန် သို့မဟုတ် စီးပွားရေး အခွင့်အလမ်းများ ရှာဖွေရန်ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနှင့် နေရပ်စွန့်ခွာရခြင်းတို့မှာ ဆယ်စုနှစ်များအတွင်း မလွှဲမရှောင်သာ ကိစ္စရပ် ဖြစ်နေပါသည်။

ဆယ်စုနှစ်များစွာ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများအတွင်း ပဋိပက္ခကြောင့် ထိခိုက်သော နယ်မြေဒေသများမှ လူအများသည် မြန်မာနိုင်ငံအတွင်းမှာပင် နေရပ်စွန့်ခွာရခြင်းများ (IDP)များ ရှိသကဲ့သို့ နယ်စပ်ကို ဖြတ်ကျော်၍ ထိုင်းနိုင်ငံသို့ (ဒုက္ခသည်များအဖြစ်) ရောက်ရှိသွားခြင်းများလည်း ရှိပါသည်။ အချို့ရွာများမှာ အကြိမ်ကြိမ် နေရပ်စွန့်ခွာကြရသည်။ အကြိမ်ပေါင်း နှစ်ဆယ်ကျော် နေရပ်စွန့်ခွာရခြင်းများပင်ရှိသည်။ နေရပ်စွန့်ခွာရသူများသည် တစ်ပုံစံတည်းမဟုတ်ဘဲ ရိုးရှင်းစွာ အုပ်စုခွဲ၍လည်း မရနိုင်ပါ။ အချို့မှာ အခြားနေရာဒေသများတွင် အမြဲတမ်း အခြေချနေထိုင်သွားကြပြီဖြစ်ပါသည်။ အချို့မှာမူ မူလနေရာဒေသတွင် လုံခြုံမှု အလုံအလောက် ရှိသည်ဟု ယူဆရပါက နေရပ်ပြန်လိုကြပါသည်။ အရှေ့တောင်ဘက်ဒေသတွင် (IDP)များ အတွက် ပြည်တွင်း နေရပ်စွန့်ခွာရခြင်း ပပျောက်စေရန် ဖြေရှင်းဆောင်ရွက်နိုင်မည့် ကာလရှည် ဖြေရှင်းချက်များ ရရှိရေး တစ်ပြေးညီ ချဉ်းကပ်ပုံ မရှိပါ။

ထိုင်းနိုင်ငံရှိ စခန်းများတွင် ဒုက္ခသည်အဖြစ် စစ်ဆေးအတည်ပြုပြီးသူ ၁၀၀၀၀၀ ကျော် ရှိပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ပြည်တွင်းနေရပ်စွန့်ခွာရသူ ၄၀၀၀၀၀ ခန့် ရှိသည်ဟု ခန့်မှန်းထားသည်။ ထိုင်းနိုင်ငံတွင် စခန်းများ၌ နေထိုင်လျက်ရှိသူများအပြင် မြန်မာနိုင်ငံမှလာရောက်အလုပ်လုပ်ကိုင်သည့် ရွှေ့ပြောင်းအလုပ်သမားများ သန်းနှင့် ချီ၍ ရှိရာ အချို့မှာ ပဋိပက္ခကြောင့် နေရပ်စွန့်ခွာရခြင်း ဖြစ်ပါသည်။

ဒုက္ခသည်များ မြန်မာနိုင်ငံသို့ ပြန်နိုင်ရေး လုပ်ငန်းစဉ်ကို ကူညီပံ့ပိုးရန် အစီအစဉ်များ ရှိသော်လည်း ငြိမ်းချမ်းရေး သဘောတူညီချက် ရရှိရေး နှေးကွေးနေခြင်းကြောင့် လုပ်ငန်းစဉ်များ အခိုင်အမာ လုပ်ဆောင်ရန် နှောင့်နှေး ကြန့်ကြာလျက် ရှိပါသည်။ ဆန္ဒမရှိဘဲ ပြန်စေခြင်းကို တားမြစ်ရန်နှင့် လုံခြုံမှု အလုံအလောက် ရှိစေရေး တောင်းဆိုရန် စံနှုန်းများ သတ်မှတ်ကျင့်သုံးနိုင်ရေး UNHCR မှ အားပေးလျက်ရှိသည်။ ဒုက္ခသည်များမှာ လိုအပ်ချက် အမျိုးမျိုး ရှိကြပြီး နည်းလမ်းအမျိုးမျိုးကျင့်သုံးကြပါသည်။ ဒုက္ခသည်အများအပြားသည် နေရပ်မပြန်လိုကြပါ။ အချို့မှာ မြန်မာလူ့အဖွဲ့အစည်းအတွင်း ပေါင်းစည်းပါဝင်ရန် အခက်အခဲ ရှိနိုင်သည်။ အချို့မှာ ၎င်းတို့ဆန္ဒအလျောက် ပြန်သွားကြသည်။

မြန်မာနိုင်ငံမှ ရွှေ့ပြောင်းသွားလာနေထိုင်သူများ သန်းဂဏန်းဖြင့် ထိုင်းနိုင်ငံသို့ရောက်ရှိနေပါသည်။ အများစုမှာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှ လာရောက်ကြခြင်းဖြစ်သည်။ အများစုမှာ အဓိကအားဖြင့် စီးပွားရေး အကြောင်းများကြောင့် ရွှေ့ပြောင်းသွားလာနေထိုင်ကြခြင်း ဖြစ်ပါသည်။ ၂၀၁၃ခုနှစ်တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ အမေရိကန် ဒေါ်လာ ၂.၉ ဘီလီယံနှင့် ညီမျှသော ငွေပမာဏ ပြန်လည်ပေးပို့ခဲ့သည်ဟု ခန့်မှန်းပါသည်။ ယင်းအနက် ၈၀%မှာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းသို့ ပေးပို့ခြင်း ဖြစ်ပါသည်။ အလွတ်သဘော လမ်းကြောင်းများမှ ပေးပို့ခြင်း ဖြစ်ပါသည်။ ရွှေ့ပြောင်းသွားလာနေထိုင်သူအများအပြားသည် ပြည်ပမှ အလည်အပတ်အဖြစ် ရာသီအလိုက် ပြန်လည်လာရောက် ကြပါသည်။

စိုးရိမ်ပူပန်မှုများတွင် ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်ရသော အခြေအနေများ၊ လူကုန်ကူးမှု၊ ကူးစက်ရောဂါများ ပြန့်နှံ့ကူးစက်ခြင်းတို့ ပါဝင်ပါသည်။ရွှေ့ပြောင်းသွားလာခြင်းကြောင့် လူဦးရေ အချိုးအစား ဆက်စပ်ပုံများ ပြောင်းလဲလာပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် အိမ်ထောင်စု သုံးပုံတစ်ပုံအထိမှာ အမျိုးသမီးများ အိမ်ထောင်ဦးစီး ဖြစ်နေသော အိမ်ထောင်စုများ ဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတွက် ပျမ်းမျှနှုန်းဖြစ်သော ၂၄%ထက် သိသိသာသာ ပိုလွန်နေပါသည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ ပြင်ပသို့ ရွှေ့ပြောင်းသွားလာနေထိုင်ကြခြင်းကြောင့် အလုပ်သမား မလုံလောက်မှု ဖြစ်ပေါ်နေပြီး မြန်မာနိုင်ငံအခြားဒေသများမှ စိုက်ပျိုးရေးပေါ်မှီခိုလျက် အသက်မွေးဝမ်းကျောင်း ပြုသည့် ရွှေ့ပြောင်းသွားလာနေထိုင်သူများ ဝင်ရောက်လာကြပါသည်။

## ၉။ ကျား-မ ရေးရာ အခန်းကဏ္ဍ

၂၀၁၅ခုနှစ် ရွေးကောက်ပွဲများတွင် တိုးတက်မှုအချို့ ရှိခဲ့သော်လည်း အမျိုးသမီးများသည် တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုအဆင့် လွှတ်တော်အရပ်ရပ်တွင် ကိုယ်စားပြု ပါဝင်မှု အချိုးအစား အလွန်နည်းပါးပါသည်။ နိုင်ငံရေး နှင့် အုပ်ချုပ်မှုတွင် အမျိုးသမီးများ ပါဝင်မှုကို အကန့်အသတ်ဖြစ်စေသော အရေးပါသည့် အတားအဆီးများတွင် ကျား-မ အခန်းကဏ္ဍ သာတူညီမျှ မရှိမှုကို အဓွန့်ရှည်စေသည့် စံနှုန်းများ၊ ကျား-မ ခွဲခြားသည့် ခေါင်းဆောင်မှု ပတ်ဝန်းကျင်များ၊ အမျိုးသမီးများကို အိမ်တွင်းမှာသာ နေထိုင်လျက် အိမ်ထောင်တာဝန်သာ ယူစေသော အခန်းကဏ္ဍများ ပါဝင်ပါသည်။

ကျား-မရေးရာ အခန်းကဏ္ဍ မညီမျှမှု ပြဿနာများမှာ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် လူသားချင်းစာနာရေး၊ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးကဏ္ဍစုံတွင် ဖြစ်ပေါ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ အခြားနေရာဒေသ အများအပြားမှာ ကဲ့သို့ပင် အမျိုးသမီးများသည် အုပ်ချုပ်မှုအဆင့်အားလုံးတွင် အများပြည်သူကဏ္ဍ ဆုံးဖြတ်ချက် ချမှတ်နိုင်သော ရာထူးနေရာ များကို များသောအားဖြင့် မရရှိကြပါ။ ကျား-မရေးရာ အခန်းကဏ္ဍ သာတူညီမျှမှုကို ထိခိုက်စေသော လူမှုရေးနှင့် ယဉ်ကျေးမှု လက်ရှိ စံနှုန်းများနှင့် စုဖွဲ့ပုံများကြောင့် ဖြစ်ပါသည်။

အမျိုးသမီးအိမ်ထောင်ဦးစီးဖြစ်သည့် အိမ်ထောင်စုများ များပြားလာခြင်းကြောင့် ကျား-မ အခန်းကဏ္ဍများ ပြောင်းလဲလာသည့် လက္ခဏာရှိကြောင်း အချို့ဖြေကြားသူများက ဆိုသည်။ အပြုသဘောလုပ်ဆောင်ချက်များအဖြစ် နိုင်ငံရေးပါတီများ၊ ကွန်ရက်များနှင့် အင်ဂျီအိုများက အများပြည်သူကဏ္ဍတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို တိုးမြှင့်ရန်နှင့် စီမံချက်သစ်များ၏ ကျား-မ အခန်းကဏ္ဍအပေါ် သက်ရောက်မှုကို စောင့်ကြည့်လေ့လာရန် ကြိုးပမ်းဆောင်ရွက်ကြပါသည်။

အမျိုးသမီးများနှင့် အမျိုးသားများအပေါ် မတူညီသော သက်ရောက်မှုများ၊ လိုအပ်ချက်များနှင့် ဆန္ဒများကို နားလည်နိုင်ရန် လူသားချင်းစာနာရေး၊ ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးတို့နှင့် ဆက်စပ်သည့် ကဏ္ဍအားလုံးတွင်ပိုမိုပြည့်စုံသော ကျား-မ အခန်းကဏ္ဍ လုပ်ပိုင်ခွင့်စွမ်းအား ဆန်းစစ်ချက် ပြုလုပ်ရန် လိုအပ်ပါသည်။

## ၁၀။ မှတ်ပုံတင်စသည့် အထောက်အထား စာရွက်စာတမ်း မရှိသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ အပါအဝင် အန္တရာယ်ကျရောက်လွယ်သူ အုပ်စုများ

တရားဝင်ထုတ်ပေးထားသော မှတ်ပုံတင်မရှိခြင်း၊ တင်းပြည့်နိုင်ငံသားအဖြစ် အသိအမှတ်ပြုမှု မရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် နေထိုင်သူ အများအပြားအတွက် အန္တရာယ်ကျရောက်လွယ်မှု များပြားသည်။ အထောက်အထား စာရွက်စာတမ်း ရှိခြင်းသည် အဓမ္မလက်ထပ်စေခြင်း မခံရစေရန် အရေးပါသော ကာကွယ်စောင့်ရှောက်မှု နည်းလမ်းကိရိယာတစ်ရပ် ဖြစ်သည်၊ နိုင်ငံသားအခွင့်အရေးများကို ရယူနိုင်ပါသည်၊ လူကုန်ကူးမှုကို တားဆီးနိုင်ပါသည်။ အလုပ်သမားဥပဒေများကို လိုက်နာစေရန် အရေးယူနိုင်သည်။ အထူးသဖြင့် အမျိုးသမီးများ နှင့် မိန်းကလေးများတွင် မွေးစာရင်း၊ မှတ်ပုံတင်၊ လက်ထပ်စာချုပ်စသည့် အရပ်ဘက် အထောက်အထား စာရွက်စာတမ်းများ မရှိပါက အန္တရာယ်ကျရောက်လွယ်နိုင်သည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ကလေးသူငယ်သာယာဝပြောမှုမှာ အမျိုးမျိုး ကွဲပြားနေပါသည်။ဥပမာ ကျေးလက်ဒေသ များပြားသည့် ရှမ်းပြည်နယ် တောင်ပိုင်းနှင့် အရှေ့ပိုင်းတွင် ကလေးသူငယ် ပုညက်မှုနှုန်း ၄၂%နှင့် ၃၉% ရှိပါသည်။ တစ်နိုင်ငံလုံးအတွက် ပျမ်းမျှနှုန်းဖြစ်သည့် ၃၅% ထက်များသည်။ ကရင်ပြည်နယ်နှင့်

မွန်ပြည်နယ်များတွင် ၂၉% နှင့် ၃၀% အသီးသီး ရှိရာ တစ်နိုင်ငံလုံးအတွက် ပျမ်းမျှနှုန်းထက် သိသိသာသာ လျော့နည်းပါသည်။

လက်နက်ကိုင် အုပ်စုများအတွင်း ကလေးသူငယ်များကို တပ်သားအဖြစ် စုဆောင်းမှု ဆက်လက်ဖြစ်ပွားကြောင်း စွပ်စွဲပြောကြားမှုများအပါအဝင် ကလေးသူငယ်ကို အလုပ်ခိုင်းစေမှုမှာ စိုးရိမ်ပူပန်ဖွယ်အဖြစ် ဆက်လက် တည်ရှိနေ ပါသည်။ ရွှေ့ပြောင်းသွားလာခြင်းကြောင့် အန္တရာယ်ကျရောက်လွယ်ပါသည်။ ဝန်ဆောင်မှုများ ရရှိနိုင်မှုမှာလည်း ပဋိပက္ခကြောင့် ထိခိုက်သော နယ်မြေဒေသများတွင် အခြားနယ်မြေဒေသများမှထက် ပို၍ အကန့်အသတ် ရှိပါသည်။

## ဖြေကြားသူများထံမှ လေ့လာသိရှိရသော သင်ခန်းစာယူနိုင်မည့် အချက်များ[1]

### ချဉ်းကပ်ပုံများ

- ပြင်ပမှ ပါဝင်ဆောင်ရွက်သူများတွင် ကြိုတင်သတ်မှတ်ထားသော အစီအစဉ် ပါလာလေ့ရှိသည်။ အချိန် လုံလောက်စွာ အသုံးပြုလျက် နားထောင်ခြင်းနှင့် နယ်မြေခံ ဆက်စပ်အခြေအနေကို နားလည်အောင် လုပ်ဆောင်ခြင်းများ မပြုလုပ်ကြပါ။ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အလှူရှင်များတွင် လုပ်ငန်းစဉ် များ ပါရှိလာကြပြီး မကြာခဏ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ လုပ်ဆောင်စေလိုသော လုပ်ငန်း အစီအစဉ်များ ကို လုပ်ဆောင်ကြခြင်းဖြစ်သည်ဟု ဖြေကြားသူများက ရှုမြင်ကြသည်။

- ပါဝင်လုပ်ဆောင်ကြသူများအကြား ယုံကြည်မှု မရှိကြပါ။ ယုံကြည်မှု တည်ဆောက်ခြင်းမှာ အချိန်ယူရ သည်။ သို့သော် အရေးပါသော လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။

- နယ်မြေခံ ပါဝင်ဆောင်ရွက်သူအမျိုးမျိုးနှင့် ဆက်ဆံရေး တည်ဆောက်ရပါမည်။ နယ်မြေဒေသတွင် ကာလရှည် လုပ်ငန်းဆောင်ရွက်ခြင်းသည် ယင်းသို့ ဆက်ဆံရေးတည်ဆောက်နိုင်ရန် အထောက်အကူ ပြုပါသည်။

- အမျိုးသမီးများနှင့် လူငယ်များ၏ အသံကို ပါဝင်စေလျက် ရပ်ရွာနှင့် တိုင်ပင်ဆွေးနွေးမှုများကို ပံ့ပိုးပေးရန် ဖြစ်ပါသည်။ နယ်မြေဒေသတွင်းမှ အဖွဲ့အစည်းများနှင့်လည်း ပိုမိုကောင်းမွန်စွာ ထိတွေ့ ဆောင်ရွက်လျက် အကောင်းဆုံး လုပ်နည်းလုပ်ဟန်များကို မျှဝေရန် ဖြစ်ပါသည်။

- အကြောင်းအရာအလိုက် ပြဿနာများအကြောင်း ပြောဆိုမည်ဆိုပါက ပိုမိုကျယ်ပြန့်သော လုပ်ငန်းစဉ်များ ကိုလည်း တစ်ပါတည်း ဆွေးနွေးရန်ဖြစ်ပါသည်။ ဥပမာ သဘာဝသယံဇာတ ထုတ်ယူရေး ဆွေးနွေးခြင်း များသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ဆက်စပ်လုပ်ဆောင်ရမည်ဟု တွေ့ဆုံမေးမြန်းခဲ့သူများက ဖော်ပြ ကြပါသည်။

[1]ဖြေကြားသူများကို တွေ့ဆုံမေးမြန်းစဉ် ယင်းသင်ခန်းစာယူနိုင်မည့်အချက်များကို ပြောပြကြခြင်း ဖြစ်ပါသည်။ အကြံပြုချက်များ မဟုတ်ပါ။ မည်သို့မည်ပုံလုပ်ဆောင်သင့်ကြောင်း ဖော်ပြခြင်းလည်း မဟုတ်ပါ။

- အရပ်ဖက်လူမှုအဖွဲ့အစည်းများ အားကောင်းစေရန် ဆောင်ရွက်ခြင်းမှာ ဂန်ဆောင်မှု ဖြည့်ဆည်း ပေးခြင်း တစ်ခုတည်းအပေါ်တွင်သာ စူးစိုက်လုပ်ဆောင်ခြင်း မဖြစ်သင့်ပါ။

- အလှူရှင်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် လုပ်ငန်းအစီအစဉ်များ လုပ်ဆောင်ခြင်းဖြင့် အကျိုးသက်ရောက်မှုရရှိရေး ပို၍လက်တွေ့ကျသည့် အချိန်ကာလ သတ်မှတ်ချက် လိုအပ်ပါသည်။ အချိန်ကာလ သတ်မှတ်ချက် တိုတောင်းလွန်းပါက လုပ်ဆောင်နိုင်မည့် ထိရောက်မှု အတိုင်းအတာကို အကန့်အသတ် ဖြစ်စေပါသည်။

## ဆက်စပ်အခြေအနေအမျိုးမျိုးရှိခြင်း

- မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှာ နယ်မြေဒေသအားဖြင့် ကျယ်ပြောပြီးတစ်နေရာနှင့် တစ်နေရာ မတူညီပါ။ ယေဘုယျပြုရန် ခက်ခဲပါသည်။ နေရာဒေသအလိုက် ကွဲပြားမှုများကို အသေးစိတ် နားလည် သဘောပေါက်ရန် လိုအပ်ပါသည်။

- နယ်မြေဒေသ ထိန်းချုပ်မှုအဆင့်ဆင့်နှင့် လုပ်ပိုင်ခွင့်အာဏာ လမ်းကြောင်းများမှာ ရှုပ်ထွေးပါသည်။ "ရောနှော ပေါင်းစပ်လျက် ထိန်းချုပ်ခြင်း" ကို နားလည်ရန် လိုအပ်ကြောင်း၊ လျင်မြန်စွာ ပြောင်းလဲနေသော ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ဆက်စပ်ထိတွေ့ပြောင်းလဲမှုများကို သိနိုင်ရန် ခက်ခဲခြင်းကို အသိအမှတ်ပြုရန် လိုအပ်ကြောင်း ဖြေကြားသူများက ဆိုပါသည်။

## ပဋိပက္ခဖြစ်နိုင်ခြေကို သိရှိနားလည်ခြင်း

- နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အင်အားဆက်စပ်ထိတွေ့ပြောင်းလဲပုံများကို ပိုမို၍ နားလည် သဘောပေါက်ရန် လိုအပ်ပါသည်။ သို့မဟုတ်ပါက ပဋိပက္ခဖြစ်စေသော အကြောင်းအချက်များကို အခွန့်ရှည်စေ ခြင်း၊ ပိုမိုဆိုးဂါးစေခြင်းများ ပြုလုပ်နိုင်သည့် အန္တရာယ် ရှိပါသည်။

- အန္တရာယ်ကျရောက်လွယ်သော အုပ်စုများအနက် တစ်စုကို အထူးအခွင့်အရေး ပေးမိခြင်း မဖြစ်စေရန် သတိပြုပါ။ ဥပမာ ကျယ်ပြန့်စွာ သက်ဆိုင် အကျုံးဝင်မည့် အန္တရာယ်ကျရောက်လွယ်မှု စံနှုန်းများကို အသုံးပြုရန် စဉ်းစားပါ။

- မြန်မာနိုင်ငံအရှေ့တောင်ပိုင်းနှင့် အခြားမြန်မာနိုင်ငံတွင်းဒေသများရှိ ဂန်ဆောင်မှုပေးသော အဖွဲ့ အစည်း အသီးသီး ၏ အတွေ့အကြုံများကို အသိအမှတ်ပြုပါ။

- ဂန်ဆောင်မှုပေးသော နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ဂန်ဆောင်မှု ပေးသူများနှင့် လုပ်ငန်းပိုင်းဆက်ဆံရေးများ တည်ထောင်ထားရှိပါ။ လုပ်ငန်းအစီအစဉ်ကို ဒီဇိုင်းပုံစံ ထုတ်ခြင်း၊ အကောင်အထည် ဖော်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းတို့တွင် ပဋိပက္ခဖြစ်နိုင်ခြေကို သိရှိနားလည်ပြီး ထိခိုက်မှုမဖြစ်စေရေး ချဉ်းကပ်ပုံများကို ပေါင်းစည်းထည့်သွင်းရန် အထူး လိုအပ် ပါသည်။

- အလွယ်တကူသွားရောက်နိုင်သော နယ်မြေဒေသများတွင်သာ လုပ်ငန်းဆောင်ရွက်ခြင်း မဖြစ်စေရပါ။ အန္တရာယ် ဖြစ်နိုင်ခြေများပြားသည့် နယ်မြေဒေသများကို ရှောင်ရှားခြင်းဖြင့် အကျိုးယုတ်နိုင်ပါသည်။ လုပ်ငန်းအစီအစဉ် ဒီဇိုင်းပုံစံ ထုတ်ရာတွင် ထိတွေ့လှုပ်ရှားပြောင်းလဲနေသော အန္တရာယ်စီမံခန့်ခွဲမှုကို ပေါင်းစည်းထည့်သွင်းရန် စဉ်းစားပါ။

## ကိုယ်စားပြုမှု

- နိုင်ငံတော်အစိုးရသည်လည်းကောင်း၊ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများသည် လည်းကောင်း အားလုံးပုံတူ တစ်ပြေးညီ မဟုတ်ပါ။ နစ်ဘက်စလုံး တစ်ပုံစံတည်း စုဖွဲ့ထားခြင်း မဟုတ်ပါ။ စီမံချက် လုပ်ဆောင်မည့် နယ်မြေဒေသကို အသေးစိတ် အကဲဖြတ်ရန် အဓိက လိုအပ် ပါသည်။ အချို့သော အစိုးရမဟုတ် သော လက်နက်ကိုင်အဖွဲ့အစည်းများသည် အခြားအဖွဲ့များထက် ပိုမို၍ ဗဟိုချုပ်ကိုင်မှုအားကောင်းသည်။

- လူပြောများတိုင်း လက်မခံသေးဘဲ စိစစ်ပါ။ ဥပမာ အချို့အုပ်စုများသည် ထစ်ခနဲရှိ ပြည်ထောင်စုအစိုးရ ဆိုသည်မှာ လူများစုဗမာများနှင့် အတူတူပင်ဟု ဆိုတတ်ကြပါသည်။

## ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း

- ဖွံ့ဖြိုးရေး လုပ်ဆောင်သူများ ပိုမို၍ ပါဝင်ဆောင်ရွက်လာသည်နှင့်အမျှ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် ပိုမို၍ လိုအပ်လာပါသည်။ သေချာမှု မရှိဘဲ ဆက်စပ်ထိတွေ့လှုပ်ရှားပြောင်းလဲနေသည့် အခြေအနေ တွင် နယ်မြေခံ အဆင့်၌ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်မှာ အထူးသဖြင့် အရေးကြီးပါသည်။

- ကွင်းဆင်းလျက် တိုက်ရိုက်ထိတွေ့ဆောင်ရွက်ခြင်းကို မည်သည့်အရာနှင့်မျှ အစားမထိုးနိုင်ပါ။ ဆုံးဖြတ်ချက် ချမှတ်သူများသည် ရန်ကုန်မြို့တွင်သာနေ၍ ဆုံးဖြတ်ခြင်း မဟုတ်ဘဲ ကွင်းဆင်းလုပ်ငန်း အတွင်း နေထိုင်လုပ်ကိုင်လျက် ဆုံးဖြတ်ခြင်းမှာ တန်ဖိုးရှိကြောင်း တွေ့ဆုံမေးမြန်းခဲ့သူများက ပြောကြားကြပါသည်။

## သတင်းအချက်အလက်မျှဝေခြင်း

- အကူးအပြောင်း လုပ်ဆောင်သော အခြားနေရာများ၏ အခြေအနေမှ လေ့လာသင်ယူခြင်း။ မြန်မာနိုင်ငံတွင်းနှင့် နိုင်ငံတကာရှိအခြားသော ပဋိပက္ခ ပတ်ဝန်းကျင်များမှ အတွေ့အကြုံများကို ဆန်းစစ်လေ့လာခြင်းဖြင့် အကျိုး ဖြစ်ထွန်းနိုင်ပါသည်။

- သတင်းအချက်အလက်မျှဝေပေးသော ပတ်ဝန်းကျင်ကို ပြုစုပျိုးထောင်ခြင်း။ အချက်အလက် စုဆောင်းမှု ပိုမိုကောင်းမွန်စေလျက် သတင်းအချက်အလက်များကို ရယူနိုင်ရန် စီစဉ်ဆောင်ရွက် ပေးရန်။